Network for Human Rights Documentation - Burma

ND - Burma

# အာဏာရှင်စနစ်ကို တော်လှန်ဆန့်ကျင်ခြင်း

## မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေ အနှစ်ချုပ်

## ၂၀၂၅ ခုနှစ် ဇူလိုင်လ မှ ဒီဇင်ဘာလအထိ

# နိဒါန်း

ဤအစီရင်ခံစာတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ND-Burma ၏ အဖွဲ့ဝင်များနှင့် ဆက်စပ် အဖွဲ့အစည်းများမှ မှတ်တမ်းတင်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ပြထားသည်။ အချက်အလက်များသည် စစ်တပ်မှ ကျူးလွန်နေသော မငြင်းနိုင်သည့် မတရားမှုများကို ထင်ရှားစွာ ပြသနေပြီး ထိုအခြေအနေများအပေါ် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမှ ခိုင်မာသော တုံ့ပြန် ဆောင်ရွက်မှု လိုအပ်နေကြောင်းကိုလည်း ပြသနေသည်။

မြန်မာစစ်တပ်၊ စစ်တပ်ကထောက်ခံပံ့ပိုးထားသော ပြည်သူ့စစ်များ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDFs) မှ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ND-Burma အနေဖြင့် မှတ်တမ်းတင်ရာတွင် ဖြစ်ရပ်လေ့လာမှုများ၊ တွေ့ဆုံ မေးမြန်းမှုများနှင့် မျက်မြင်သက်သေထွက်ဆိုချက်များကို အသုံးပြုပါသည်။ မှတ်တမ်းတင်ထားသော ရာဇဝတ်မှုအများစုအတွက် စစ်တပ်က တာဝန်ရှိနေသည်။ အစီရင်ခံသည့် ကာလအတွင်း မြန်မာစစ်တပ်မှ အရပ်သားပြည်သူများအပေါ် တိုက်ခိုက်မှုများ ပိုမိုများပြားလာနေကြောင်း ND-Burma မှ တွေ့ရှိခဲ့သည်။ ပဋိပက္ခအခြေအနေ ပိုမိုပြင်းထန်လာနေသည့်အချိန်တွင်ပင် ကွန်ရက်အဖွဲ့ဝင်များသည် ဒေသခံလူမှုအ သိုင်းအဝိုင်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ လူ့အခွင့်အရေးအခြေအနေများကို ဆက်လက်စောင့်ကြည့်လေ့လာ မှတ်တမ်းတင်နေသည်။

# အခြေအနေအနှစ်ချုပ်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းယူပြီးနောက် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေသည် ပြင်းထန်စွာ ဆိုးရွားလာခဲ့သည်။ စစ်အာဏာသိမ်းမှုကြောင့် ဒီမိုကရေစီ အခြေခံသဘောတရားများကို ထိခိုက်စေခဲ့ပြီး၊ စစ်အုပ်ချုပ်မှုကို ဆန့်ကျင်သည့် ဆန္ဒပြမှုများ နိုင်ငံတဝှန်း ပေါ်ပေါက်လာခဲ့သည်။

လွန်ခဲ့သော ငါးနှစ်အတွင်း စစ်တပ်သည် ပြည်သူလူထုအပေါ် အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နေပြီး၊ အကြမ်းဖက်မှုများကြောင့် လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်အခြေအနေတရပ် ဖြစ်ပေါ်လာကာ ပြည်သူတစ်ဝက်ခန့်သည် ဆင်းရဲနွမ်းပါးမှုကို ဆိုးဆိုးရွားရွား ကြုံတွေ့နေရသည်။ စစ်တပ် တပ်ဖွဲ့ဝင်များက ကျေးရွာများကို တိုက်ခိုက်ပြီး အိမ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပိုင်ဆိုင်မှုများကို လုယူခြင်းတို့ကြောင့် လူသန်းပေါင်းများစွာသည် မိမိနေရာဒေသများမှ ထွက်ပြေးတိမ်းရှောင်နေရသည်။

ထို့ပြင် ဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှုဌာနများနှင့် ကျောင်းများကဲ့သို့ အရေးပါသော အခြေခံအဆောက်အအုံများကို လေကြောင်းတိုက်ခိုက်မှုများဖြင့် ပစ်မှတ်ထားတိုက်ခိုက်နေပြီး အထူးသဖြင့် ကလေးများအပါအဝင် ပြည်သူများ၏ အသက်အန္တရာယ်မှာ အကြီးအကျယ် စိုးရိမ်နေရသည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုကို ကန့်သတ်ထား ခြင်းကြောင့် ငြိမ်းချမ်းသော အနာဂတ်အတွက် မျှော်လင့်ချက်များ ပျက်စီးလျှက်ရှိသည်။ တရားမျှတမှုကို ဖိနှိပ်မှုအတွက် ကိရိယာတစ်ခုအဖြစ် အသုံးချနေသည့်အတွက် ပဋိပက္ခ၏

အဆုံးသတ်ကို ရှင်းလင်းစွာ မမြင်နိုင်သေးဘဲ အခြေအနေသည် မတည်ငြိမ်၍ ရှုပ်ထွေးနေဆဲ ဖြစ်သည်[1]။

စစ်အာဏာသိမ်းအဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် နိုင်ငံအနှံ့အပြားတွင် အကြီးအကျယ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုလုံးတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး[2]၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လေကြောင်း တိုက်ခိုက်မှု ၈,၈၂၁ ကြိမ် ရှိခဲ့ကြောင်းကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က တင်ပြထားသည်။ ထိုတိုက်ခိုက်မှုများအနက် အောက်တိုဘာလ၊ ဒီဇင်ဘာလနှင့် စက်တင်ဘာလတို့ တွင် အများဆုံးဖြစ်ပွား ခဲ့သည်[3]။

နယ်စပ်ဒေသများတလျှောက် တိုက်ပွဲများ ဆက်လက်ပြင်းထန်နေစဉ်အတွင်း ထိလွယ်ရှလွယ် အများဆုံး ခံစားနေရသော လူထုသည် ၎င်းတို့၏ နေ့စဉ်ဘဝကို ဖိနှိပ်ထားသည့် အာဏာရှင်စနစ်ကို ကာကွယ်ရန် လိုအပ်သည့် အရင်းအမြစ်နှင့် အကူအညီ အနည်းဆုံးသာ ရရှိနေကြသည်။ စစ်တပ်သည် ၎င်းတို့ကို ဆန့်ကျင်တော်လှန်နေသည့် အဖွဲ့များ ထိန်းချုပ်ထားသော ဒေသများကို လေကြောင်းစွမ်း အားကို ပိုမိုမို ခိုအသုံးပြု တိုက်ခိုက်လာပြီး၊ ထိုသို့တိုက်ခိုက်မှုကြောင့် စစ်ပွဲတွင် ပါဝင်ခြင်းမရှိသော ပြည်သူများ ထိ ခိုက် သေဆုံးမှု များစွာရှိလာခဲ့သည်။

အမျိုးသမီးနှင့် မိန်းမပျိုများအတွက် လေကြောင်းတိုက်ခိုက်မှုများ၏ သက်ရောက်မှုများသည် အလွန်ပြင်းထန်ပြီး ရေရှည်သက်ရောက်မှုများရှိသည်။ လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် အမျိုး သမီးများသည် အန္တရာယ်များစွာကို ရင်ဆိုင်ကြရသည်။

---

[1] [Myanmar: Five years after the coup "justice system" remains an instrument of repression,](#) International Commission of Jurists, 31 January 2026

[2] [Myanmar: Events of 2025](#), Human Rights Watch

[3] See NUG on [*X*](#)

မြန်မာအမျိုးသမီးသမဂ္ဂ (BWU) မှ ထုတ်ပြန်သော ကြေညာချက် တရပ်အရ ၂၀၂၅ ခုနှစ် အောက်တိုဘာလ တလအတွင်းတွင်ပင် မြန်မာနိုင်ငံအနှံ့ စစ်အာဏာသိမ်းအဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုများ၊ မော်တာလက်နက်ဖြင့် ပစ်ခတ်မှုများနှင့် အခြားအကြမ်းဖက်မှုများကြောင့် အနည်းဆုံး အမျိုးသမီး ၇၀ ဦး သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်[4]။

အသက်ကယ်ဆယ်ရေး အရေးပေါ်ကူညီထောက်ပံ့မှုများကို ပိတ်ဆို့ထားခြင်းကြောင့် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသော လူမှုအသိုင်းအဝိုင်းများအတွက် အစားအစာ၊ ရေ၊ အမိုးအကာနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ ရရှိနိုင်ရန် ပိုမိုခက်ခဲလာစေသည်။ လုံခြုံသော အမိုးအကာနှင့် အခြေခံဝန် ဆောင်မှုများမရှိခြင်းကြောင့် ၎င်းတို့၏ အန္တရာယ်များ ပိုမိုမြင့်တက် လာပြီး၊ အထူးသဖြင့် လိင်အခြေပြုအကြမ်းဖက်မှု (GBV) နှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများ၏ အန္တရာယ်ကို ပိုမိုကြုံတွေ့ရနိုင်သည်။

ကာကွယ်စောင့်ရှောက်မှု မရရှိသည့်အတွက် အမျိုးသမီးများနှင့် မိန်းကလေးများသည် ကိုယ်လက်သန့်စင်ခန်းများကို အသုံးပြုရန် သွားလာစဉ်ပင် အန္တရာယ်များနှင့် ကြုံတွေ့နိုင်သည်။ ထို့ပြင် စစ်အာဏာသိမ်းအဖွဲ့က နိုင်ငံတကာမှပေးပို့သည့် လူသားချင်း စာနာထောက်ထားမှု အကူအညီများကို လက်နက်သဖွယ်အသုံးပြု၍ လူထုအားဖိနှိပ်နေသည်။ မြေပြင်အခြေအနေမှာ စစ်တပ်၏ နိုင်ငံတကာ သို့ ပြောဆိုချက်များနှင့် လုံးဝမတူ ကွဲပြားနေပြီး၊ ဒေသခံကူညီထောက်ပံ့ရေး ဝန်ထမ်းများသည် ၎င်းတို့၏ ကယ်ဆယ်ရေးလုပ်ငန်းများကြောင့်ပင် ပစ်မှတ်ထား တိုက်ခိုက်ခံနေရသည်[5]။

၂၀၂၅ ခုနှစ်အစောပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဘဏ္ဍာရေးအကူအညီများ ဖြတ်တောက်မှုနှင့် အလှူရှင်များ၏ ပံ့ပိုးမှု လျော့နည်းလာခြင်းကြောင့် အရေးပေါ်အကူအညီပေးခြင်းနှင့် လုပ်ငန်းများ

---

[4] Junta Airstrikes and Attacks Kill 70 Women in October, Mon News, 10 November 2025

[5] Myanmar junta accused of systematically weaponizing humanitarian aid, new briefing warns, Progressive Voice, 11 December 2025

အကောင်အထည်ဖော်နေသည့် ဒေသခံအဖွဲ့အစည်းများအတွက် ဝန်ဆောင်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကြီးမားသော ကွာဟမှုများ ဖြစ်ပေါ်လာခဲ့သည်[6]။

စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များ ကန့်သတ်မှုရှိနေသော်လည်း ဒေသခံ အဖွဲ့အစည်းများသည် တိုးပွားလာသည့် ဝန်ဆောင်မှု ကွာဟချက်များကို ဖြည့်ဆည်းရန် ဆက်လက်ကြိုးပမ်းလုပ်ဆောင်နေကြသည်။ အကြောင်းမှာ အကူအညီများ ဖြန့်ဝေရေးတွင် စစ်အာဏာသိမ်းအဖွဲ့ကို ယုံကြည်စိတ်ချရ သော မိတ်ဖက်အဖြစ် မယုံကြည်နိုင်သောကြောင့် ဖြစ်သည်။

ND-Burma ၏ ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း အဖွဲ့ဝင်များသည် ၎င်းတို့၏ လူမှု အသိုင်းအဝိုင်းကို နှစ်ရှည်လများ ထိခိုက်စေသော ဆက်လက်ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကို ရဲရင့်စွာ မှတ်တမ်းတင်ခဲ့ကြသည်။ ယနေ့ကြုံတွေ့နေရသော အခက်အခဲများနှင့် ပဋိပက္ခများသည် အာဏာရှင်စနစ်တို့၏ အာဏာနှင့် တရားဝင်မှုကို ထိန်းသိမ်းရန် အသည်းအသန် ကြိုးပမ်းမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထိုကြိုးပမ်းမှုများကို အခြားကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယှဉ်ပြိုင်နိုင်သည့်ပါတီများ အောင်မြင်နိုင်ခြင်း မရှိစေရန် ရည်ရွယ်ထားသော အတုအယောင် ရွေးကောက်ပွဲ မှတ ဆင့် ပိုမိုတိုးမြှင့်လုပ်ဆောင်ခဲ့သည်။

ပြည်သူများက ထိုရွေးကောက်ပွဲကို သပိတ်မှောက်သည့်အခါ စစ်အာဏာသိမ်းအဖွဲ့ က ပြည်သူများကို မဲပေးရန်နှင့် အမိန့်ကိုလိုက်နာစေရန် အကြမ်းဖက် ခြိမ်းခြောက်မှုများနှင့် ဖိအားပေးမှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံအတွင်း ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများကြောင့် ရွေးကောက်ပွဲကို မြို့နယ် စုစုပေါင်း ၃၃၀ ရှိသည့်အနက် ၂၆၃ မြို့နယ်တွင်သာ ကျင်းပနိုင်ခဲ့ပြီး၊ အများစုမှာ စစ်တပ်ထိန်းချုပ်ထားသော ဒေသများတွင်သာ ကျင်းပနိုင်သည်[7]။

---

[6] Myanmar: Implications of the US funding freeze and cuts on humanitarian response and health needs, ACAPS, 21 March 2025

[7] Myanmar: Türk says military-controlled ballot exacerbates violence and social division, 30 January 2026

ဒေသခံပြည်သူများအတွက် နောက်ထပ်စိုးရိမ်ရသည့်အချက်မှာ စစ်မှုထမ်းရန် အတင်းအကျပ်ခေါ်ယူသည့် ကိစ္စဖြစ်ပြီး၊ ယင်းကြောင့် လူငယ်အမျိုးသားနှင့် အမျိုးသမီးများ၏ လုံခြုံရေးကို အန္တရာယ်ဖြစ်စေသည်။ လူငယ်များကို ပိုမိုပြင်းထန်လာနေသော တိုက်ပွဲများဖြစ်ပွားနေသည့် ရှေ့တန်း တပ်ရင်းများတွင် တိုက်ခိုက်ရန် အတင်းအကျပ် ခေါ်ယူနေဆဲဖြစ်ပြီး၊ စစ်မှုထမ်းမှုမှ ရှောင်ရှားနိုင်သည့် ရွေးချယ်နိုင်သော နည်းအနည်းငယ်သာရှိနေသည်။


စစ်အာဏာသိမ်းအဖွဲ့သည် ၂၀၁၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံးအကြိမ် အကောင်အထည်ဖော်ခဲ့ပြီး၊ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်အထိ အမျိုးသမီးများအား အနည်းဆုံး ၂ နှစ်ကြာ မဖြစ်မနေ စစ်မှုထမ်းရန် သတ်မှတ်ထားသည်။

အသက်ရှင်သန် ရပ်တည်နိုင်ရေးအတွက် အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် စစ်အာ ဏာသိမ်းအဖွဲ့၏ ဖိနှိပ်မှုများနှင့် ရင်ဆိုင်နေရသည်။ ထိုအချိန်တည်းတွင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် အရပ်ဖက်အဖွဲ့အစည်းများသည် အပြစ်မဲ့ပြည်သူများ၏ လူ့အခွင့်အရေးကို ကာကွယ် ထိန်းသိမ်းရန် ကြိုးပမ်းလုပ်ဆောင်နေကြသည်။

အခက်အခဲများ အများအပြား ဆက်လက်ရှိနေသော်လည်း အာဏာသိမ်း စစ်အာဏာရှင်တို့၏ ရည်မှန်းချက်များကို ဆန့်ကျင်တော်လှန်နေသည့် အဖွဲ့အစည်းများ၏ အခြေခံလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် ဖက်ဒရယ် ဒီမိုကရေစီ တည်ဆောက်ရေးအတွက် အရေးပါလှသည်။

# လူ့အခွင့်အရေးမှတ်တမ်းတင် ကွန်ရက်–မြန်မာနိုင်ငံ (ND-Burma) အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးမှတ်တမ်းတင်မှုမှ အဓိက တွေ့ရှိချက်များ


*၂၀၂၅ ခုနှစ် ဇူလိုင် - ဒီဇင်ဘာ*




ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အရေအတွက်

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများ၏ မှတ်တမ်းတင်များအရ ၂၀၂၅ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၆ ခုတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ် ၂၇၉ ခုအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု စုစုပေါင်း ၄၆၂ ခုကို မှတ်တမ်းတင်ထားသည်။

ထိုချိုးဖောက်မှုများအနက် ၂၇၁ ခုကို အာဏာသိမ်း စစ်တပ်မှ ကျူးလွန်ခဲ့ပြီး၊ ၅ ခုကို တိုင်းရင်းသား တော်လှန်ရေးအဖွဲ့များ (EROs) မှ ကျူးလွန်ခဲ့၍ ၃ ခုမှာ မည်သည့်အဖွဲ့အစည်းက ကျူးလွန်ခဲ့သည်ကို မသတ်မှတ်နိုင်သေးပေ။




ဖြစ်စဉ် ၂၇၉ ခုအတွင်း မှတ်တမ်းတင်ထားသော လူ့အခွင့်အရေးချိုးဖောက်မှု စုစုပေါင်း ၄၆၂ခု

စုစုပေါင်း လူပေါင်း ၈၈၁ လူ့အခွင့်အရေး ချိုးဖောက်ခံခဲ့ရပြီး၊ ထိုထဲတွင် အမျိုးသား ၃၅၇ ဦး၊ အမျိုးသမီး ၁၈၇ ဦး၊ ကလေး ၁၈၂ ဦးနှင့် လိင် သို့မဟုတ် အသက်ကို မသတ်မှတ်နိုင်သောသူ ၁၅၅ ဦး ပါဝင်သည်။ သိသာထင်ရှားစွာပင် လူပေါင်း ၃၅၂ ဦး သေဆုံးခဲ့ပြီး၊ ထိုထဲတွင် အမျိုးသား ၁၇၃ ဦး၊ အမျိုးသမီး ၈၀ ဦး၊ ကလေး ၈၂ ဦးနှင့် လိင် သို့မဟုတ် အသက် မသတ်မှတ်နိုင်သောသူ ၁၇ ဦး ပါဝင်သည်။

| ချိုးဖောက်မှုအမျိုးအစား | အမျိုးသား | အမျိုးသမီး | ကလေး | အတည်မပြုနိုင်သော | စုစုပေါင်း |
|---|---|---|---|---|---|
| **မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းခြင်း** | ၃၇ | ၇ | ၄ | ၄၀ | **၈၈** |
| **သတ်ဖြတ်ခြင်း** | ၁၂၄ | ၃၇ | ၃၆ | ၂ | **၁၉၉** |
| **အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း** | ၄၉ | ၄၃ | ၄၆ | ၁၅ | **၁၅၃** |
| **ညှဥ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း** | ၆ | ၁ | ၁ | ၀ | **၈** |
| **အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း** | ၀ | ၀ | ၀ | ၁၅ | **၁၅** |
| **မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိုင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း** | ၀ | ၃ | ၁ | ၁ | **၅** |
| **ကလေးစစ်သားအသုံးပြုမှု** | ၂ | ၀ | ၀ | ၀ | **၂** |
| **ထိခိုက်ဒဏ်ရာရသူများ** | ၁၃၉ | ၉၆ | ၉၄ | ၈၂ | **၄၁၁** |
| **စုစုပေါင်း** | **၃၅၇** | **၁၈၇** | **၁၈၂** | **၁၅၅** | **၈၈၁** |

## ချိုးဖောက်မှုအမျိုးအစားအလိုက် ထိခိုက်နစ်နာသူအရေအတွက်

အများစုမှာ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး၊ လက်နက်ငယ်ပစ်ခတ်မှုနှင့် မြေမြှုပ်မိုင်းကြောင့် သေဆုံးခဲ့ကြပြီး၊ အချို့မှာ စစ်ကြောရေးနှင့် အကျဉ်းထောင်များအတွင်း နှိပ်စက်ညှဉ်းပန်းမှုနှင့် မလျော်မကန် ပြုမူဆက်ဆံမှုများကြောင့် သေဆုံးခဲ့ကြသည်။ လေကြောင်းတိုက်ခိုက်မှု၊

လက်နက်ကြီး၊ လက်နက်ငယ်ပစ်ခတ်မှုနှင့် မြေမြှုပ်မိုင်းကြောင့် လူပေါင်း ၄၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုထဲတွင် အမျိုး သား ၁၃၉ ဦး၊ အမျိုးသမီး ၉၆ ဦး၊ ကလေး ၉၄ ဦးနှင့် လိင် သို့မဟုတ် အသက် မသတ်မှတ်နိုင်သူ ၈၂ ဦး ပါဝင်သည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် အိမ် ၃၅၇ လုံး၊ ဘုန်းကြီးကျောင်း ၉ ကျောင်းနှင့် ယာဉ် ၁၆ စီး ပျက်စီးသွားခဲ့ သည်။

| စစ်လက်နက်ဖြင့် တိုက်ခိုက်မှု | သေဆုံးသူအရေအတွက် | | | | | ထိခိုက်ဒဏ်ရာရရှိသူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | အမျိုးသား | အမျိုးသမီး | ကလေး | အတည်မပြုနိုင်သော | စုစုပေါင်း | အမျိုးသား | အမျိုးသမီး | ကလေး | အတည်မပြုနိုင်သော | စုစုပေါင်း |
| လေကြောင်းတိုက်ခိုက်မှု | ၈၀ | ၇၂ | ၆၁ | ၁၅ | **၂၂၈** | ၉၉ | ၇၂ | ၉၁ | ၇၈ | **၃၄၀** |
| ဒရုန်းဖြင့် တိုက်ခိုက်မှု | ၆ | ၁ | ၁ | ၀ | **၈** | ၂ | ၆ | ၁ | ၀ | **၉** |
| လက်နက်ကြီးပစ်ခတ်မှု | ၁၇ | ၆ | ၁၀ | ၀ | **၃၃** | ၁၆ | ၁၁ | ၁ | ၄ | **၃၂** |
| လက်နက်ငယ်ဖြင့်ပစ်ခတ်မှု | ၂၅ | ၁ | ၅ | ၂ | **၃၃** | ၂ | ၁ | ၀ | ၀ | **၃** |
| မြေမြှုပ်မိုင်း | ၇ | ၁ | ၀ | ၀ | **၈** | ၂၀ | ၆ | ၁ | ၀ | **၂၇** |
| စုစုပေါင်း | **၁၃၅** | **၈၁** | **၇၇** | **၁၇** | **၃၁၀** | **၁၃၉** | **၉၆** | **၉၄** | **၈၂** | **၄၁၁** |

စစ်လက်နက်များကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူအရေအတွက်

အဓိကကျူးလွန်သူမှာ အာဏာသိမ်းစစ်တပ်မှ ဖြစ်သည်။ မြန်မာနိုင်ငံရှိ ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် တရားမျှတမှုရရှိရန် လမ်းကြောင်းမှာ ဆက်လက်ပိတ်ပင်ခံနေရသဖြင့် မည် သည့်အမှုကိစ္စအတွက်မဆို ပြန်လည်ကုစားပေးလျော်မှု မရှိသေးပါ။

## ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရမှုအရေအတွက်

| | ကချင် | ဧရာဝတီ | ကရင် | ချင်း | မွန် | ရခိုင် | ရှမ်း | စစ်ကိုင်း | မကွေး | မန္တလေး | ပဲခူး | ရန်ကုန် | တနင်္သာရီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **စစ်လက်နက်များဖြင့် တိုက်ခိုက်မှု** | | | | | | | | | | | | | | |
| *လေကြောင်းတိုက်ခိုက်မှု* | ၄ | ၁ | ၁ | ၉ | ၄ | ၂ | ၅၁ | ၂ | ၂ | ၂၅ | ၅ | | ၈ | ၁၁၄ |
| *ဒရုန်းဖြင့် တိုက်ခိုက်မှု* | | | ၁ | | ၁ | | | | | | ၃ | | | ၅ |
| *လက်နက်ကြီးပစ်ခတ်မှု* | | | ၄ | ၁ | ၁၄ | | | | ၁ | | | | ၁၅ | ၃၅ |
| *လက်နက်ငယ်ဖြင့် ပစ်ခတ်မှု* | ၃ | | | ၂ | ၁ | | | ၁ | ၄ | | ၁ | | ၁၀ | ၂၂ |
| *မြေမြှုပ်မိုင်း* | | | ၁ | ၃ | | ၁ | ၁၅ | | ၁ | | | | ၅ | ၂၆ |
| *စစ်လက်နက်အကြွင်း အကျန်* | | | | ၁ | | | | | | | | | | ၁ |
| **မတရားဖမ်းဆီးချုပ်နှောင် ခြင်းနှင့် ထိန်းသိမ်းခြင်း** | ၁ | | ၁ | ၇ | ၉ | | | | | ၁ | ၁ | | ၉ | ၂၉ |
| **သတ်ဖြတ်ခြင်း** | ၅ | | ၃ | ၁၀ | ၁၁ | ၁ | ၁၉ | ၉ | ၁၅ | ၁၂ | ၇ | ၁ | ၂၂ | ၁၁၅ |
| **အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း** | | | | | ၃ | ၁ | ၆ | ၂ | | ၅ | ၁ | | ၃ | ၂၁ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ညဥ့်ပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း | | | | | ၃ | | ၁ | | | | | | ၇ | ၁၁ |
| မီးရှို့ခြင်း | | | | | | | | | | | | | ၆ | ၆ |
| ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း | ၁ | ၁ | ၁ | ၄ | ၈ | ၁ | ၂၇ | ၂ | ၂ | ၄ | ၅ | | ၉ | ၆၅ |
| အတင်းအဓမ္မ အခွန်ကောက်ခံခြင်း | | | | | | | | | | | | | ၁ | ၁ |
| အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း | | | | ၁ | | | | | | | | | | ၁ |
| လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း | | | | ၂ | | | | | | | | | ၁ | ၃ |
| လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုများ ကို ကန့်သတ်ခြင်း၊ ပိတ်ပင်ခြင်း | | | | | ၁ | | | | | | | | ၁ | ၂ |
| မုဒိမ်းပြုကျင့်မှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း | | | ၁ | | ၁ | | | | | | | | ၃ | ၅ |
| စုစုပေါင်း | ၁၄ | ၂ | ၁၃ | ၄၀ | ၅၆ | ၆ | ၁၁၉ | ၁၆ | ၂၅ | ၄၇ | ၂၃ | ၁ | ၁၀၀ | ၄၆၂ |

# အကြံပြုချက်များ

## ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးကောင်စီနှင့် လုံခြုံရေးကောင်စီသို့

၁။ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) သို့ ချက်ချင်း လွှဲပြောင်းပြီး အာဏာသိမ်းစစ်တပ်က ပြည်သူများအပေါ် အကြီးအကျယ် ကျူးလွန်ထားသောရာဇဝတ်မှုများအတွက် ကျူးလွန်ခံရသူများ တရားမျှတမှုရရှိနိုင်မည့် လမ်းကြောင်းများအားလုံးကို ဆက်လက် သုံးသပ်စဉ်းစားရမည်။

၂။ အာဏာသိမ်းစစ်တပ်က လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်အသုံးပြုနေခြင်းကို တားဆီးနိုင်ရန် လေယာဉ်ဆီ (aviation fuel) ပိတ်ဆို့အရေးယူမှုများကို ချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော်ရမည်။

၃။ မြန်မာနိုင်ငံတွင် မြေပြင်ပေါ်ရှိ လူ့အခွင့်အရေးအကျပ်အတည်း ပိုမိုဆိုးရွားလာနေသည်ကို အသိအမှတ်ပြုသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချက်ချင်း ချမှတ်ပြီး၊ ပဋိပက္ခဒဏ်ခံနေရသော နိုင်ငံသို့ လက်နက်များလွတ်လပ်စွာ စီးဆင်းဝင်ရောက်နေမှုကို ရပ်တန့်စေရန် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့မှု ပိတ်ပင်ချက် (global arms embargo) နှင့်အတူ တင်းကျပ်သောအရေးယူမှုများကို ချမှတ်ရမည်။

၄။ မြေပြင်တွင် လုပ်ဆောင်နေသော အရပ်ဖက်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးကာကွယ်သူများကို ပံ့ပိုး ကူညီကာ အာဏာသိမ်းစစ်တပ်က ကျူးလွန်ထားသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၏ အထောက်အထားနှင့် မှတ်တမ်းတင်မှုများကို တိုးမြှင့်ဆောင်ရွက်ရမည်။

၅။ မြန်မာနိုင်ငံ၏ အခြေအနေကို သုံးသပ်အကဲဖြတ်ရန် စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့ကို ချက်ချင်း ပို့ဆောင်ရမည်။

၆။ UNICEF အပါအဝင် ကလေးကာကွယ်ရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် အာဏာသိမ်းစစ်တပ်မှ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကြောင့် နစ်နာခဲ့ရသော ကလေးများအတွက် ထောက်ခံပြောဆိုကာ ၎င်းတို့ တရားလက်လွတ် သတ်ဖြတ်ခံရမှုများကို စုံစမ်းစစ်ဆေးရန် တောင်းဆိုရမည်။ ကလေးများသည် တိုက်ခိုက်ရမည့် ပစ်မှတ်များ မဟုတ်ကြောင်း အစဉ်အလာ ထုံးတမ်းဖြစ်စေမည့် ယန္တရားများ ကို ထူထောင်ရမည်။

## အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သို့

၁။ ASEAN အဖွဲ့ဝင်နိုင်ငံများသည် အကြမ်းဖက်မှု၊ နိုင်ငံရေးအကျဉ်းသားများနှင့် ဆက်လက်ဖြစ်ပွား နေသော ပဋိပက္ခများကင်းသော မြန်မာနိုင်ငံဖြစ်ပေါ်လာရေးအတွက် ယုံကြည်ဆောင်ရွက်နေ သည့် အ မျိုးသား ညီညွတ်ရေးအစိုးရ (NUG), အခြား ဒီမိုကရေစီ အဖွဲ့အစည်း များနှင့် ဆက်ဆံဆွေးနွေးရမည်။

၂။ အာဏာသိမ်းစစ်တပ်နှင့် မသက်ဆိုင်သည့် မြန်မာပြည်သူများ ဦးဆောင်သော ငြိမ်းချမ်းရေးအခြေပြုဖြေရှင်းချက်များကို ပံ့ပိုးကူညီရမည်။ နိုင်ငံအတွင်း ငြိမ်းချမ်းရေးအလားအလာများကို အမှန်တကယ် လိုလားထောက်ခံပါက ASEAN သည် အာဏာသိမ်းစစ်တပ်နှင့် ဆက်လက် ဆွေးနွေးနေမှုကို ရပ်တန့် ရမည်။

၃။ ပြဿနာများ ဖြစ်ပေါ်စေသော "ဘုံသဘောတူချက် ၅ ချက်" (5-Point Consensus) ကို ချက်ချင်း ပယ်ဖျက်ပြီး ပြုပြင်ပြောင်းလဲမှုများ ရှေ့ဆက်နိုင်စေရန် နည်းလမ်းအသစ်တစ်ခုကို ချမှတ်ရမည်။

၄။ လက်နက်များ ဝယ်ယူရန် နိုင်ငံခြားငွေ အသုံးပြုမှုနှင့် လက်နက်နှင့် အခြားစစ်ရေးပစ္စည်းများ ဝယ်ယူ နိုင်မှုအပေါ် ASEAN အနေဖြင့် ကန့်သတ်မှုများ ပြုလုပ်ရမည်။

၅။ ASEAN သည် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့မှု ပိတ်ပင်ချက် (global arms embargo) အပါအဝင် ကုလသမဂ္ဂက ချမှတ်ထားသော ဆုံးဖြတ်ချက်များကို ထောက်ခံကာ မြန်မာပြည်သူများနှင့်အတူတကွ ရပ်တည်ကြောင်းပြသရမည်။ ယင်းသည် အာဏာသိမ်းစစ်တပ်က အပြစ်မဲ့ပြည်သူများအပေါ် ကျူးလွန်တိုက်ခိုက်မှုများကို ထိရောက်စွာရပ်တန့်စေရန် အထောက်အကူ ပြုနိုင်မည်။

## နိုင်ငံတကာအသိုင်းအဝိုင်းသို့

၁။ အာဏာသိမ်းစစ်တပ်နှင့် အာဏာပိုင်များ၏ မည်သည့်ကိုယ်စားလှယ်နှင့်မဆို ဆက်ဆံဆွေးနွေးမှုကို ငြင်းဆိုရမည်။ ထို့အပြင် နိုင်ငံတကာရေးရာ၊ အစည်းအဝေးများ၊ ထိပ်သီးအစည်းအဝေးများနှင့် အခြား စုဝေးပွဲများတွင် အာဏာသိမ်းစစ်တပ်၏ ကိုယ်စားလှယ်များ ပါဝင်ခွင့်ကို တင်းကျပ်စွာ တားမြစ်ရမည်။ နိုင်ငံကိုယ်စားပြု ဆက်ဆံဆွေးနွေးမှုကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့်သာ ပြုလုပ်ရမည်။

၂။ အာဏာသိမ်းစစ်တပ်၏ ခေါင်းဆောင်များ၊ စစ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအပေါ် ပိုမိုထိ ရောက်သော အရေးယူပိတ်ဆို့မှုများကို ချက်ချင်းဆောင်ရွက်ရမည်။

၃။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသော လူမှုအသိုင်းအဝိုင်းများထံ လွတ်လပ်စွာနှင့် လုံခြုံစွာရောက်ရှိနိုင်ရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကန့်သတ်ချက်များ ဖယ်ရှားပေးရန် တောင်းဆိုမှုများကို ထပ်လောင်းအားပေး ထောက်ခံရမည်။

၄။ လူ့အခွင့်အရေးချိုးဖောက်မှု ခံရသူများနှင့် မြေပြင်တွင် လုပ်ဆောင်နေသော အဖွဲ့အစည်းများအတွက် ယုံကြည်စိတ်ချရပြီး ထိရောက်သော တာဝန်ခံမှုစနစ်များကရရှိနိုင်စေရန် နိုင်ငံတကာ အကာအကွယ်ပေးရေးယန္တရားများ ပိုမိုအားကောင်းစေရန် ဆောင်ရွက်ရမည်။

၅။ ထိုင်း၊ အိန္ဒိယ နယ်စပ်ဒေသများနှင့် မြန်မာနိုင်ငံအတွင်းရှိ အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများ အားကူညီထောက်ပံ့နေသည့် အရပ်ဖက်အဖွဲ့အစည်းများအတွက် နယ်စပ်ဖြတ်ကျော် အကူအညီပေး ပို့မှုများ ပြုလုပ်ရမည်။

၆။ နိုင်ငံ၏ နှစ်ပေါင်းများစွာ ရှည်လျားနေသည့် ပြဿနာများကို ဖြေရှင်းရန်နှင့် ငြိမ်းချမ်းရေးရရှိရန် အတွက် ဒေသခံအဖွဲ့အစည်းများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် ပိုမိုပွင့်လင်း ရှင်းလင်းပြီး လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ရမည်။ ယင်းသည် အာဏာသိမ်း စစ်တပ်၏ ဆန္ဒထက် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် ကိုက်ညီရမည်။

၇။ နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးရန်နှင့် ၎င်းတို့အပေါ် ချမှတ်ထားသော စွဲချက်များကို ချက်ချင်းနှင့် ခြွင်းချက်မရှိ ရုပ်သိမ်းရန် ဆက်လက် တောင်းဆိုရမည်။

၈။ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးအတွက် တရားမျှတမှုရရှိစေရန် ကုလသမဂ္ဂက ခန့်အပ်တာဝန် ပေးထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။